## အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ အစီအမံများ (SPS Measures) နှင့် သတင်းအချက်အလက်များ စုံစမ်းရန်ဌာန SPS Enquiry Point (SPS- EP ) ၏ လုပ်ငန်းတာဝန်များ




အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ အစီအမံ၊ သတင်းအချက်အလက်များအား စုံစမ်းရန် ဌာန ကို WTO The SPS Agreement ၏ Article 7 ဖြစ်သော ပွင့်လင်းမြင်သာရှိမှု (Transparency) အောက်ရှိ နောက်ဆက်တွဲ (ခ)ပါ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပွင့်လင်းမြင်သာရှိမှု (Annex B: Transparency Of Sanitary And Phytosanitary Regulations) အရ WTO အဖွဲ့ဝင်နိုင်ငံတိုင်းတွင် တည်ထောင်ထားရှိရန် လိုအပ်သောကြောင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မှကြီးမှူး၍ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၌ အမေရိကန်အစိုးရ၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (USAID-PSDA Project) ၏ အကူအညီဖြင့် ၂၀၁၈ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

### လုပ်ငန်းတာဝန်များ

- ✓ မိမိနိုင်ငံအတွင်း နှင့် အခြားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး (SPS) ဆိုင်ရာ အစီအမံများနှင့်သက်ဆိုင်သော ကျိုးကြောင်းခိုင်လုံသည့် မေးမြန်းချက်အားလုံးကို ဖြေကြားရန်၊

- ✓ မြန်မာနိုင်ငံ နှင့် အခြားသောနိုင်ငံများ၏ SPS ဆိုင်ရာ အစီအမံများ၊ ဥပဒေများ၊ စံချိန်စံညွှန်းများ၊ စမ်းသပ်စစ်ဆေးသည့် လုပ်ငန်းစဉ်များ၊ Certificate နှင့် ထောက်ခံချက် ရရှိရေး လုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များ၊ စသည်တို့၏ ခိုင်မာသော သတင်းအချက်အလက်များအား ထောက်ပံ့ပေးရန်။

- ✓ ကုန်သွယ်ဘက်နိုင်ငံများကို မိမိနိုင်ငံ၏ကုန်သွယ်မှုဆိုင်ရာ လိုအပ်ချက်များအား ပို၍ လျှင်မြန်စွာ သတိပြုမိစေရန် နှင့်၎င်းတို့၏ မျှော်မှန်းချက်များ ပြည့်မီစေခြင်းဖြင့် ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေသည့် လုပ်ငန်းစဉ်များတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပြီး သွင်းကုန်/ထုတ်ကုန်ဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ တိုးပွားစေရန်၊

***အခြားလုပ်ငန်းတာဝန်များ***

- ✓ လူထုအလွှာအသီးသီး၊ အထူးသဖြင့် နိုင်ငံတကာသို့ အစားအစာ တင်သွင်း/တင်ပို့သည့် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံးကို အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် သတိပြုမိစေရေး တိုးမြင့်ရန် လုပ်ငန်စဉ်များကို မြှင့်တင်ခြင်း၊

- ✓ နိုင်ငံတကာဈေးကွက်တွင် ပြည်တွင်းထုတ်ကုန်များတင်ပို့ရောင်းချခြင်းကို မြှင့်တင်နိုင် ရန်အတွက် အခြားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့/အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ SPS ဆိုင်ရာ သတင်းအချက်အလက်များနှင့် အခြားဆက်နွယ်သော ကိစ္စများအား ဖြေကြားထောက်ပံ့ပေးရန် နေရာတစ်ခုအဖြစ် ဆောင်ရွက်ခြင်း၊

- ✓ အခြားသော SPS နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ SPS contact points များ နှင့်အတူ SPS ဆိုင်ရာ သတင်းအချက်အလက်များစုံစမ်းရေး ဆက်သွယ်ရန် ဗဟို နေရာ( Central contact point) အဖြစ် ဆောင်ရွက်ခြင်း

**ရရှိနိုင်သော သတင်းအချက် အလက်များ**

- ✓ မြန်မာနိုင်ငံတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေး SPS နှင့်သက်ဆိုင်သည့် လက်ရှိကျင့်သုံးနေသော(သို့)အတည်ပြုဆဲဖြစ်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ

- ✓ မြန်မာနိုင်ငံတွင် အတည်ပြုပြီးဖြစ်သော SPS နှင့် သက်ဆိုင်သော ထိန်းချုပ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကုန်ထုတ်လုပ်ခြင်းနှင့် ပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာ ဆေးစီရင်မှုများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု အမြင့်ဆုံးပမာဏ ကန့်သတ်ချက် သတ်မှတ်သည့် လုပ်ငန်းစဉ်များ နှင့် အစားအစာပေါင်းစပ်ပစ္စည်းများ ပါဝင်မှု ထောက်ခံချက်ပေးသည့် လုပ်ငန်းစဉ်များ၊

- ✓ အခြားWTOအဖွဲ့ဝင်နိုင်ငံသို့ တင်ပို့ရာတွင် ကုန်သွယ်ဘက်နိုင်ငံ၏ SPS ဆိုင်ရာ လိုအပ်ချက်များ၊

- ✓ နိုင်ငံတကာနှင့် ဒေသတွင်း SPS ဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်ခြင်း နှင့် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊

- ✓ The SPS Agreement မူဘောင်အတွင်း မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ထားသော နှစ်နိုင်ငံ၊ နိုင်ငံများအကြား သဘောတူညီချက်နှင့် စီစဉ်ဆောင်ရွက်ချက်ဆိုင်ရာ သတင်း အချက်အလက်များ ၊

**National SPS Enquiry Point ထားရှိသည့် ဌာနများ**

- ✓ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
- ✓ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ✓ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ✓ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ✓ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန